# “မြန်မာ့တပ်မတော်၏ စစ်မက်ရန်လိုမှုကို သတိပြုရှောင်ရှားကြပါရန် ဒေသခံမိဘပြည်သူများအား တိုက်တွန်းနှိုးဆော်ခြင်း”

**သဘောထားထုတ်ပြန်ချက်အမှတ် (၆/၂၀၁၇)**

**၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၇ ခုနှစ်**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဦးဆောင်သည့် မြန်မာအစိုးရမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) ဒုတိယအကြိမ်အစည်းအဝေးကြီးပြုလုပ်ကျင်းပခဲ့သည့် မေလကုန်နောက်ပိုင်းမှစ၍ မြန်မာ့တပ်မတော်သည် ပြည်တွင်းစစ်မီးအရှိန်မြှင့်တင်ရန် တိုက်ခိုက်မှုနည်းလမ်းအမျိုးမျိုးအသုံးပြုနေသဖြင့် ဒေသခံမိဘပြည်သူများ စစ်ဘေး ဒဏ်နှင့်ဘဝလုံခြုံရေးအတွက် အထူးသတိပြုနေထိုင်သွားလာကြပါရန် မိမိတို့ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A အနေဖြင့် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ မြန်မာ့တပ်မတော်သည် တအန်းဒေသရှိကျေးရွာများသို့ ဝင်ရောက်ပြီး တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေး မေးမြန်းခြင်း၊ ဒေသခံပြည်သူများအား တအန်းတပ်မတော်နှင့်ပတ်သက်သည်ဟု စွပ်စွဲကာ အမျိုးသမီးနှင့်ကလေးငယ် များကိုပါ ဖမ်းဆီးထောင်ချခြင်း၊ ခရီးသွားမိဘပြည်သူများအား ကြမ်းတမ်းစွာစစ်ဆေးပြီး ခရီးသွားလာမှုများ ကန့်သတ် ခြင်း၊ ကျေးရွာများအတွင်း လက်နက်ကြီးများဦးတည်ပစ်ခတ်တိုက်ခိုက်ခြင်း အစရှိသည့် တအန်းဒေသခံ မိဘပြည်သူ လူထုအပေါ် လူ့အခွင့်အရေးအမျိုးမျိုး ချိုးဖောက်ကျူးလွန်နေပါသည်။

၃။ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင် အစရှိသောမြို့များတွင် တအန်းတပ်မတော် TNLA နှင့် ကချင်တပ်မတော် KIA တို့က အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်ဗုံးခွဲခြင်းများပြုလုပ်မည်ဟု လက်ကမ်းကြော်ငြာစာများဖြန့်ဝေကာ စစ်တပ် အင်အားတိုးမြှင့်ပြီး ဒေသခံပြည်သူလူထုတို့၏ဘဝလုံခြုံရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်နေပါသည်။ မိမိတို့ သည် ပြည်သူလူထုကိုဦးတည်သည့် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခြင်းများ လုံးဝမပြုလုပ်ပါ။ မူဝါဒ လည်းမရှိပါ။

၄။ မြန်မာ့တပ်မတော်သည် ဒေသခံပြည်သူ့စစ်နှင့်မြန်မာ့တပ်မတော်သားအချို့အား တအန်းတပ်မတော် TNLA နှင့် သဏ္ဌာန်တူ ယူနီဖောင်းဝတ်စုံများ ဝတ်ဆင်ခိုင်းပြီး လူထုအားဖမ်းဆီးခြိမ်းခြောက်ခြင်း၊ ငွေတောင်းခြင်းများ ဆက်တိုက် ပြုလုပ်လာပါသည်။ ထို့အတူ ဘဏ်၊ ဟိုတယ် အစရှိသည့်ဒေသတွင်းလုပ်ငန်းရှင်များထံသို့ TNLA ငွေတောင်းခံလွှာ အတုများ ဖန်တီးကာ ပေးပို့တောင်းဆိုခြင်းများလည်း ဆက်တိုက် ပြုလုပ်လာပါသည်။

၅။ မိမိတို့ P.S.L.F/T.N.L.A သည် ဒေသတွင်းရှိ အခြေခံလူထုအပေါ် မတရားငွေကြေးကောက်ခံခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးခြင်း လုံးဝမပြုလုပ်ရန် တပ်မဟာ/တပ်ရင်းအဆင့်ဆင့်ကို အမြဲညွှန်ကြားကြပ်မတ်ထားသည့်အပြင် မြန်မာအစိုးရ နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် နစ်ဖက်ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများ အတတ်နိုင်ဆုံးရှောင်ရှားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် စစ်မက်ရန်လိုနေသော မြန်မာ့တပ်မတော်၏ စစ်ရေးဖန်တီးမှုအမျိုးမျိုးကို အထူးသတိပြုရှောင်ရှား ကြပါရန် တအန်းဒေသတွင်းရှိ တအန်း၊ ကချင်၊ ရှမ်း၊ လီဆူ၊ မြန်မာ အစရှိသည့်မိဘပြည်သူများအား အလေးအနက် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**“ဘုံပ်ဘူန် ကုင်တအာင်း”**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**
**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**